THE WORLD BANK

MYANMAR CSO
CENTRAL STATISTICAL ORGANIZATION

UNDP
Empowered lives.
Resilient nations.



# မြန်မာနေထိုင်မှုအခြေအနေစစ်တမ်း ၂၀၁၆ – ၁၇

## အချက်အလက်အနှစ်ချုပ်

# "မြန်မာပြည်သူများ၏ ဘဝ တိုးတက်ရေး ပြည်သူ့အသံ နားထောင်ပေး"

မြန်မာနေထိုင်မှုအခြေအနေစစ်တမ်းသည် မြန်မာနိုင်ငံ အနှံ့အပြားရှိ ပြည်သူများ မည်ကဲ့သို့ နေထိုင်နေကြကြောင်းကို ဘက်ပေါင်းစုံမှ လေ့လာသည့် စစ်တမ်းတစ်ခုဖြစ်ပါသည်။ ဤစစ်တမ်းတွင် လူများ၏ အလုပ်အကိုင်၊ ဝင်ငွေနှင့် ရရှိသောဝင်ငွေအား စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် မိသားစု၏ အခြားကိစ္စများနှင့် လိုအပ်ချက်များအတွက် သုံးစွဲပုံဆိုင်ရာ အချက်အလက်များကို ကောက်ယူစုဆောင်း ပါသည်။ စုဆောင်းရရှိသော အချက်အလက်များအား အနာဂတ် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် မူဝါဒများအား ချမှတ်ရာတွင် အသုံးပြုသွားမည် ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံ၏ စာရင်းအင်းအချက်အလက်များ မှန်ကန်ရေး၊ နိုင်ငံလုံးဆိုင်ရာ ဘက်ညီဖွံ့ဖြိုးမှုများ ဖြစ်ပေါ်စေရေးနှင့် လူမှု - စီးပွားဆိုင်ရာ အညွှန်းကိန်းများ တွက်ချက်နိုင်ရေးတို့ အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။



# အမေးများသော မေးခွန်းများ

**မြန်မာနေထိုင်မှု အခြေအနေစစ်တမ်းအား မည်သည့်ရည်ရွယ်ချက်များနှင့် ကောက်ယူပါသနည်း။**

မြန်မာနေထိုင်မှုအခြေအနေစစ်တမ်း(၂၀၁၆ - ၂၀၁၇) (Myanmar Living Conditions Survey - MLCS)ကို

(က) တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဆင်းရဲနွမ်းပါးမှုနှင့် ပြည်သူတို့၏ နေထိုင်မှု အခြေအနေကိုသိရှိနိုင်ပြီး ၊ နိုင်ငံ၏ လူမှု - စီးပွား ဖွံ့ဖြိုးမှု အတွက် မူဝါဒ များ နှင့် စီမံချက်များ ချမှတ်ခြင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (SDGs) များအကောင်အထည် ဖော်ဆောင်ရေးအတွက် လိုအပ် သော ကိန်းဂဏန်းအချက်အလက်များ၊ ညွှန်ကိန်းများ ရရှိနိုင်ရန်၊

(ခ) တိုင်းဒေသကြီး/ ပြည်နယ်အလိုက်/ မြို့နယ်အလိုက်၊ မြို့မ/ကျေးလက် ခွဲခြား၍ စားသုံးသူ ဈေးဆနှုန်း (CPI)နှင့်ငွေကြေးဖောင်းပွမှုနှုန်း တွက်ချက်ရာတွင် အထောက်အကူပြုနိုင်ရန်၊

(ဂ) အမျိုးသားစာရင်းစနစ် (SNA) တွက်ချက်ရန်အတွက် စုစုပေါင်း စားသုံးမှုကုန်ကျ စရိတ်တို့ကို ခန့်မှန်းနိုင်ရန် ရည်ရွယ်၍ ကောက်ယူပါသည်။

**မြန်မာနေထိုင်မှု အခြေအနေစစ်တမ်းအား မည်သည့်နေရာတွင် ကောက်ယူနေပါသနည်း။**

မြန်မာနေထိုင်မှု အခြေအနေစစ်တမ်းသည် တစ်နိုင်ငံလုံးကို ကိုယ်စားပြုသည့် စစ်တမ်းတစ်ခု ဖြစ်ပြီး မြန်မာနိုင်ငံ၏ ခရိုင် များအားလုံးနှင့် မြို့နယ်များ အားလုံးနီးပါးတွင် ကောက်ယူနေပါ သည်။ မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး / ပြည်နယ်များအားလုံးရှိ အိမ်ထောင်စုပေါင်း (၁၃,၀၀၀) ကျော်သည် ဤစစ်တမ်းတွင် ပါဝင်ကူညီ ဖြေဆိုပေးကြပါသည်။

**စစ်တမ်းအား မည်သူမှ ကောက်ယူနေပါသနည်း။**

မြန်မာနေထိုင်မှု အခြေအနေစစ်တမ်းအား ဗဟိုစာရင်းအင်း အဖွဲ့မှ ဦးဆောင်ကာ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်နှင့် ကမ္ဘာ့ဘဏ်တို့မှ ငွေကြေးနှင့် နည်းပညာအကူအညီများ ရယူ၍ ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ စစ်တမ်းကောက်ယူရန်အတွက် အထူးလေ့ကျင့်သင်တန်းပေးထားသော အဖွဲ့များအား မြန်မာနိုင်ငံ အနှံ့အပြားသို့ စေလွှတ်တာဝန်ပေးကာ ကောက်ယူလျက်ရှိပါ သည်။

**စစ်တမ်းအား မည်သည့်အချိန်မှ စတင်ကောက်ယူခဲ့ပြီး မည်သည့် အချိန်တွင် ပြီးဆုံးမည်နည်း။**

စစ်တမ်းအား ၁၂ လ တိုင်အောင် တောက်လျှောက် ကောက် ယူသွားမည် ဖြစ်ပါသည်။ ကွင်းဆင်းစစ်တမ်း ကောက်ယူမှုများအား ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလတွင် စတင်ခဲ့ပြီး ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် ပြီးဆုံးမည် ဖြစ်ပါသည်။

**စစ်တမ်းမှ ရရှိသော ရလဒ်များအား မည်သို့ အသုံးပြုမည်နည်း။**

၂၀၁၈ ခုနှစ် အစောပိုင်းတွင် စစ်တမ်းရလဒ်များအား ရရှိမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရမှ မြန်မာပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် မူဝါဒများနှင့် အစီအစဉ်များကို ရေးဆွဲ ချမှတ်ရာတွင် အသုံးပြုနိုင်မည် ဖြစ်ပါသည်။ စစ်တမ်းမှရရှိသည့် အချက်အလက်များကို အသုံးပြုခြင်းဖြင့် သုတေသန ပညာရှင် များအနေဖြင့် မြန်မာနိုင်ငံရှိ လူနေမှုအခြေအနေများကို ပိုမို၍ အသေးစိတ်ဆန်းစစ်လေ့လာနိုင်မည်ဖြစ်ပြီး အရပ်ဘက် လူမှု အဖွဲ့အစည်းများမှလည်း မြန်မာနိုင်ငံ အတွင်းရှိ အကူအညီ လိုအပ် နေသူများ၏ လိုအပ်ချက်များအတွက် အသိပေးရှင်းလင်း ဆွေးနွေးမှုများကို ပြုလုပ်ပေးနိုင်မည် ဖြစ်ပါသည်။

**ဤကဲ့သို့သော စစ်တမ်းသည် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကောက်ယူခြင်း ဖြစ်ပါသလား။**

မြန်မာနိုင်ငံတွင် ယခင်က အိမ်ထောင်စုစစ်တမ်း အမျိုးမျိုးကို ကောက်ယူခဲ့ဖူးပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံ အိမ်ထောင်စု စားဝတ်နေရေး အခြေအနေဘက်စုံလေ့လာမှု စစ်တမ်း (၂၀၀၅ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်)၊ အိမ်ထောင်စုဝင်ငွေနှင့် စားသုံးမှုစစ်တမ်း (၁၉၈၉ ခုနှစ်နှင့် ၂၀၁၂ ခုနှစ် အတွင်း၊) နှင့် မြန်မာနိုင်ငံ ဆင်းရဲနွမ်းပါးမှုနှင့် လူနေမှုအခြေအနေစစ်တမ်း (၂၀၁၅ ခုနှစ်) တို့ဖြစ်ပါသည်။

မြန်မာနေထိုင်မှုအခြေအနေစစ်တမ်းသည် ယခင်က ဆောင်ရွက်ခဲ့သော အိမ်ထောင်စုစစ်တမ်းများ အားလုံးကို တစ်စုတည်း အဖြစ်ပေါင်းစည်းကာ ပိုမိုခိုင်မာကောင်းမွန်သော ဒီဇိုင်းပုံစံ၊ နည်းစနစ် များဖြင့် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

**စစ်တမ်းနှင့် ပတ်သက်၍ ထပ်မံသိရှိလိုသည့် အချက်အလက်များ ရှိပါက မည်သို့ရရှိနိုင်မည်နည်း။**

စစ်တမ်းနှင့် စပ်လျဉ်းသော အချက်အလက်များအား အွန်လိုင်းရှိ ဗဟိုစာရင်းအင်းအဖွဲ့၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်နှင့် ကမ္ဘာ့ ဘဏ်တို့၏ ဝက်ဘ်ဆိုက်များတွင် ရရှိနိုင်ပါသည်။ သီးသန့် မေးမြန်းလိုသော မေးခွန်းများရှိပါက ဤအီးမေးလ် dgcsomopf@gmail.com သို့ ပေးပို့မေးမြန်းနိုင်ပါသည်။

ဗဟိုစာရင်းအင်းအဖွဲ့
ရုံးအမှတ် ၃၂
နေပြည်တော်
မြန်မာ
ဖုန်း - ၀၆၇၄၀၆၃၃၆
https://www.csostat.gov.mm
www.mmsis.gov.mm

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ မြန်မာနိုင်ငံ
အမှတ် ၆၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်
ရန်ကုန်၊ မြန်မာ
http://www.mm.undp.org

ကမ္ဘာ့ဘဏ် (ရုံးခွဲ၊ ရန်ကုန်)
၅၇၊ ပြည်လမ်း၊ လှိုင်မြို့နယ်
ရန်ကုန်၊ မြန်မာ
http://www.worldbank.org/en/country/myanmar